
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
ကြောင်နက်မှော်

"ဧကရီက ဘာဖြစ်တာလဲ"

"ငါလည်း မသိဘူး ညကမှ ကောက်ကာငင်ကာ တစ်ယောက်တည်း ရီလိုရီ ငိုလိုငိုဖြစ်တာလို့ ပြောတယ်"

"အခု အိမ်ပေါ်မှာ ရောက်နေတဲ့ သူ နှစ်ယောက်က ဆရာတွေလား"

"ဩော် ငါလည်း ဘယ်သိမလဲတော့ နင်နဲ့ ငါတူတူ လာကြတာကို ငါ့ လာပြန်မေးနေတယ် စကားမများ နဲ့ ကြည့်စရာရှိကြည့်"

အိမ်အောက်လှေကား အဝကနေ ချောင်းကြည့်နေသည့် မိန်းမနှစ်ယောက်က သူတို့ သိချင်တဲ့ အရာတွေကို တစ်ယောက်တစ်ပေါက် မေးနေတဲ့ အချိန်

"ဒီမိန်းကလေးရဲ့ အုပ်ထိန်းသူက ဘယ်သူပါလဲ"

သက်ခိုင်ရဲ့ စကားကိုကြားတော့ သဘက်ခေါင်းပေါင်း ပေါင်းထားတဲ့ အသက် ခြောက်ဆယ်အရွယ် အမယ်အိုက

"သမီးလေးရဲ့ မိခင်က ကျွန်မပါရှင်"

"အရီး ဒီကလေးမက ဘယ်လို စဖြစ်တာလဲ ဆိုတာ ပြောပြပါဦး"

"အရီးလည်း မသိဘူး ဆရာလေးတို့ ရယ် အရင်အပတ်က ပုံမှန်လူလိုပဲ ဒီအပတ်ရောက်မှ ညဘက်တွေဆို တငိုငိုတရီရီ ဖြစ်လာတယ် အစားလည်း တောင်းစားတယ် ထမင်းကျွေးရင်တော့ မစားဘူး အသားငါးတွေပဲ တောင်းစားတာ အခုလည်း ဆရာတို့ အိမ်ထဲ ဝင်လာထဲက

အခန်းထဲကနေ အပြင်ကို ထွက်မလာတော့ဘူး"

"သူနဲ့ ပတ်သက်လို့ အရီး သိထားတာ ဘာရှိသေးလဲ"

"အဲဒီလိုတော့ အရီးလည်း မသိဘူး ဆရာလေး"

သက်ခိုင်နဲ့ မိန်းကလေးရဲ့ မိခင်တို့ ပြောနေတဲ့ အချိန်

"ဆရာလေး ကျွန်မ တစ်ခုလောက် ပြောလို့ ရမလား"

သက်ခိုင်လည်း အသံကြားရာနေရာကို လှည့်ကြည့်လိုက်တော့ အသက် နှစ်ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတစ်ဦးကို တွေ့လိုက်တယ်။

"ရပါတယ် ပြောပါ"

"ကျွန်မနဲ့ ဒီအိမ်က မိန်းကလေးနဲ့ က အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေပါ အခုပြောပြတဲ့ အကြောင်းကလည်း သူဒီလိုဖြစ်တာနဲ့ ပတ်သက်နိုင်မယ် ထင်လို့ ပါ"

"ပြောပါ မိန်းကလေး သိထားတဲ့ အရာတွေကို ပြောပါ"

"လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က ရွာအပြင်ရေကန်မှာ ကျွန်မနဲ့ ဧကရီ ရေသွား ခပ်ကြပါတယ် အပြန်မှာ ဟိုဘက်ရွာက မိုးကြီးဆိုတဲ့ ကာလသားက ဧကရီကို ချစ်ကြောင်း ကြိုက်ကြောင်း ပြောပါတယ် မိုးကြီး ဆိုတာက ဧကရီကို တစ်ဖက်သတ် လိုက်ကြိုက်နေတဲ့ လူပါ အဲဒီမှာ ဧကရီက မိုးကြီးကို မချစ်နိုင်ကြောင်း ပြောတော့ မိုးကြီးက ဧကရီကို ဆွဲလားရမ်းလား လုပ်ပါတယ် ဧကရီကလည်း မိုးကြီး သူ့ကို ဆွဲလားရမ်းလား လုပ်လို့ ပါးရိုက်ခဲ့တယ်ဆရာ ဧကရီက သူ့ကို ပါးရိုက်လိုက်တော့ နင်ငါ့အကြောင်း သိစေရမယ်ဆိုပြီး ကြိမ်းဝါးခဲ့တယ် အဲဒါနဲ့ များ ဧကရီ အခုလိုဖြစ်တာ ပတ်သက်နေမလား ဆရာ"

မိန်းကလေးရဲ့ စကားကို ကြားတော့ သက်ခိုင်က

"အဲဒီလိုတော့ တထစ်ချ တွက်မရသေးဘူး မိန်းကလေးကိုခေါ်ပြီး မေးကြည့်ရင် အဖြေတစ်ခုခုတော့ ရမယ်ထင်တယ်" လို့ ပြောပြီး ဘုရားစင်ရှေ့မှာ နေရာ ဝင်ယူလိုက်တယ်။

သက်ခိုင် ဘုရားစင်ရှေ့ ရောက်တော့ ဘုရားရှိခိုး မေတ္တာပို့ပြီး

"ကျွန်ုပ်သည် ခုနစ်ရက် သားသမီးများ အပေါ် စေတနာထားကာ ကူညီခဲ့ပါသည် မကောင်းတဲ့ အတိုက်အခိုက်တွေကို ဖယ်ရှားပေးမယ့် စိတ်ရင်းကသာ ကျွန်ုပ်အပေါ် လွှမ်းမိုးနေပါသည်  ယခုအိမ်အတွင်းမှာ ဖြစ်နေတဲ့ အနှောင့်အယှက်များအား ဒီအချိန်မှ စ၍ ကျွန်ုပ် စတင် ဖယ်ရှားတော့မည် ဖြစ်တဲ့ အတွက် ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များ ကျွန်ုပ်အား ကူညီပေးကြပါ ဒါကြောင့် ဒီအိမ်အတွင်းရှိ မကောင်းတဲ့ အရာ စွဲကပ်နေသူ ငါ၏ အရှေ့သို့ အမြန် လာရောက်စေရန် အမိန့်ပြန်သည် ငါ၏ အရှေ့မှ လွဲ၍ ကျန်သည့်နေရာများ ငရဲမီးကဲ့သို့ ပူလောင်စေသား"

သက်ခိုင် အမိန့်ပြန်လိုက်တဲ့ အချိန် မရှေးမနှောင်းမှာ ပဲ အိမ်ခန်းထဲကနေ လေးဖက်ထောက်ပြီး ထွက်လာတဲ့ မိန်းကလေးကို မြင်လိုက်ရတယ်။ မိန်းကလေးက သက်ခိုင်အရှေ့လည်း ရောက်ရော ဘုရားစင်ကို ကျောပေးပြီး ထိုင်လိုက်တယ်။

ဘုရားစင်ကို ကျောပေးပြီး ထိုင်လိုက်ထဲက ဒါဟာ အောက်လမ်း အတိုက်ဆိုတာ သက်ခိုင် သဘောပေါက် လိုက်တယ်။

"မိန်းကလေး ကိုယ်ထဲဝင်နေတဲ့ မကောင်းဆိုးဝါးကောင် ဘုရားစင်ဘက်ကို လှည့်စမ်း"

"အဟီးအဟီး ဟက်ဟက် မလှည့်နိုင်ဘူးဟေ့ အဲဒီရုပ်တုကို မကြည့်

ချင်ဘူး"

မိန်းကလေးရဲ့ စကားသံကြောင့် လာကြည့် နေသူတွေထဲက တီးတိုး စကားသံတွေ ထွက်လာတယ်။ သက်ခိုင်လဲ အခြေအနေကို သဘောပေါက်ပြီး

"အင်းစောင့်ပုဂ္ဂိုလ်တွေ ဘုရားကို စော်ကားတဲ့ ကောင်ရဲ့ ပါးစပ်ကို မီးကျီခဲလို ပူလောင်တဲ့ သံချွန်နဲ့ ဖြဲထားပြီး လျှာကို ဓားနဲ့ ဖြတ်ကြ"

သက်ခိုင် အမိန့်ပေးလိုက်တာနဲ့ ကျောပေးပြီး ထိုင်နေတဲ့ မိန်းကလေးရဲ့ ပါးစပ်က အလိုလိုဟ လာပြီး ဝူးတူးဝါးဝါး အော်ဟစ်ပါလေရော ။

***